**မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခများ ချက်ချင်း အဆုံးသတ်ရန် The Elders အဖွဲ့က တောင်းဆို တိုင်းပြည်အနာဂတ်နှင့် စပ်လျဉ်းပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ကြရန် အဖွဲ့အားလုံးကို တိုက်တွန်း**

**၁၈ ဒီဇင်ဘာ ၂၀၁၄**
**သတင်းထုတ်ပြန်ချက်**

ရန်ကုန် - တိုက်ခိုက်ခြင်းများကို အဆုံးသတ်ရန်နှင့် အားလုံးပါဝင်သော ဖက်ဒရယ်နိုင်ငံသစ် တည်ဆောက်မှု စတင်နိုင်ရန်အတွက် လက်ရှိ အခွင့်အလမ်းကို ဖမ်းဆုပ်ကြရန် မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း (၆၀) ကြာ ပဋိပက္ခတွင် ပါဝင်တိုက်ခိုက်နေကြသော အဖွဲ့များကို The Elders အဖွဲ့က သူတို့၏ ထိုင်းနိုင်ငံခရီးစဉ် (၁၂-၁၃ ဒီဇင်ဘာ) နှင့် မြန်မာခရီးစဉ် (၁၄-၁၈ ဒီဇင်ဘာ)များအပြီး၊ ယနေ့တွင် တိုက်တွန်းလိုက်ပါသည်။

The Elders ကိုယ်စားလှယ်အဖွဲ့ကို ဂရို ဟာလမ် ဘရန့်တ်လန်း (ယခင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် The Elders အဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ) က ဦးဆောင်ပြီး၊ မာတီအာတီဆာရီ (ဖင်လန်နိုင်ငံ သမ္မတဟောင်း)၊ လက်ခ်ဒါ ဗရာဟီမီ (အယ်လ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ကုလသမဂ္ဂကိုယ်စားလှယ်)နှင့် ဟီနာ ဂျီလာနီ (ပါကစ္စတန် တရားလွှတ်တော်ချုပ်ရှေ့နေနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ)တို့ ပါဝင်ကြပါသည်။

ဤ ရက်သတ္တတစ်ပတ် ခရီးစဉ်မှ မြန်မာလူမျိုးများ၏ စုံလင်သောကွဲပြားမှုနှင့် စွမ်းရည်ပါရမီများကို ထင်ဟပ်သည့် ဒီမိုကရေစီဆန်ပြီး တရားမျှတသည့် လူ့အဖွဲ့အစည်းဆီသို့ တိုးတက်ပြောင်းလဲလာမှုကို အားပေး အားမြှောက်ပြုရန်အတွက် The Elders အဖွဲ့၏ ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်နေခြင်းကို ပြသခဲ့သည်။ ယခုခရီးစဉ်သည် ၁၅လအတွင်း The Elders အဖွဲ့၏ မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက် လာရောက်သည့် ခရီးစဉ်ဖြစ်ပါသည်။

The Elders အဖွဲ့သည် လက်ရှိ ဖြစ်ပေါ်နေသော အရေးကြီးပြဿနာများအကြောင်းကို ပိုမိုလေ့လာနိုင်ရန် မတူကွဲပြားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားပြုသူများနှင့် တွေ့ဆုံရန် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ကနဦး သွားရောက်ခဲ့ပါသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အသစ်တဖန် ကြိုးပမ်းမှုများ အပေါ် မှတ်ချက်ပြုရင်း၊ **မာတီ အာတီဆာရီ** က:

"တိုက်ခိုက်ခြင်းများကို ယခုချက်ခြင်းနှင့် အပြီးသတ် ရပ်စဲခြင်းက ပထမခြေလှမ်းဖြစ်ရပါမယ်။ ဒီလိုဆန္ဒ ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ ခရီးစဉ်အတွင်းမှာ ဘက်ပေါင်းစုံက ကြားသိခဲ့ရပါတယ်။ သို့သော်လည်း

ဒီဆန္ဒတွေကို လက်တွေ့ လုပ်ဆောင်ချက်တွေအဖြစ် ယခုချက်ခြင်း ပြောင်းလဲပစ်ရပါမယ်။ ယုံကြည်အားကိုးနိုင်လောက်တဲ့ စောင့်ကြည့်ထိန်းကျောင်းမှုစနစ်နဲ့ အခြား ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ဆောင်ချက်တွေက အနိမ့်ဆုံးအဆင့်ကနေ အမြင့်ဆုံးအဆင့်တိုင်အောင် အဆင့်တိုင်းမှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ အထောက်အကူပေးပါလိမ့်မယ်" ဟု ပြောကြားခဲ့ပါသည်။

**လက်ခ်ဒါ ဗရာဟီမီ** ကလည်း -

"ကျွန်တော်တို့ရဲ့ ခရီးစဉ်အတွင်းမှာ၊ (ကွဲပြားခြားနားမှုတွေကို)သည်းမခံနိုင်မှုတွေ ခွဲခြားဆက်ဆံမှုတွေနဲ့ ပတ်သက်တဲ့ စိတ်အနှောင့်အယှက်ဖြစ်စရာ အသိပေးပြောကြားမှုအချို့ကို ကြားသိရတဲ့အတွက် စိုးရိမ်မကင်း ဖြစ်မိပါတယ်။ တန်းတူညီမျှမှုနဲ့ (ကွဲပြားခြားနားမှုတွေကို) လက်ခံပေးနိုင်မှုတို့ဟာ တည်ငြိမ်တဲ့ လူ့အဖွဲ့အစည်းရဲ့ ပြယုဂ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီလို လူ့အဖွဲ့အစည်းမျိုး ဖြစ်တယ်လို့ ကျွန်တော်သိထားပါတယ်။ ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းတဲ့ သမိုင်းနဲ့ အမျိုးမျိုးအပြားပြား ကြွယ်ဝစုံလင်လှတဲ့ ယဉ်ကျေးမှုတွေနဲ့ ပြောစမှတ်ပြုစရာကောင်းတဲ့ ဒီတိုင်းပြည်က လူမျိုးတွေက တစ်နေ့မှာ ကမ္ဘာကို သဟဇာတဖြစ်တဲ့ ယှဉ်တွဲနေထိုင်မှုရဲ့ တောက်ပတဲ့ စံနမူနာအဖြစ် ပြသနိုင်ပါလိမ့်မယ်။" ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော နေပြည်တော်တွင် The Elders အဖွဲ့က သမ္မတ ဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)၊ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြုနေသော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တို့နှင့် အနှစ်သာရပြည့်ဝသော ဆွေးနွေးပွဲများ တစ်ဖန်ပြုလုပ်နိုင်ခဲ့ပါသည်။ ဤဆွေးနွေးပွဲများ အတွင်း၌ ပိုမို၍ ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်းဆီသို့ လျှောက်လှမ်းရာတွင် ရရှိခဲ့သော အောင်မြင်တိုးတက်မှုများကို အသေးစိတ်ဆွေးနွေး ခဲ့ကြပြီး၊ ဆက်လက်ရှိနေသေးသော စိန်ခေါ်မှုများကိုလည်း သတိမူစဉ်းစားခဲ့ကြပါသည်။

The Elders အဖွဲ့သည် တစ်နှစ်ကာလအတွင်း ကျင်းပမည့် နိုင်ငံတဝှမ်း ရွေးကောက်ပွဲများအတွက် ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်၍ လေ့လာနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့်လည်း တွေ့ဆုံခဲ့ပါသည်။ The Elders အဖွဲ့ဝင်များသည် ၂၀၁၅တွင် စစ်မှန်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်မြောက်နိုင်မည့် အလားအလာကောင်းများအတွက် အားတက်ခဲ့ရပြီး၊ နောက်နှစ် ရွေးကောက်ပွဲများအတွင်း ၎င်းတို့၏ အဓိကကျသည့် အခန်းကဏ္ဍကို ထမ်းဆောင်နိုင်ရန်အတွက် လွတ်လပ်မှုကို ရယူကျင့်သုံးနိုင်ရန် ပြည်တွင်းနှင့် ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို ခွင့်ပြုပေးရန်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းခဲ့ပါသည်။

The Elders အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌနှင့် လွှတ်တော်တွင်း အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပါသည်။ The Elders အဖွဲ့သည် အခရာကျသည့် သူများအကြား မတူညီသော နောက်ခံအခြေအနေများ၌ နိုင်ငံတော်အဆင့် ဆွေးနွေးပြောဆိုမှုများ၏ အကျိုးကျေးဇူးများ အကြောင်းနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၏ အရေးပါမှုအကြောင်းများကို သူမနှင့် ပြောဆိုခဲ့ကြပါသည်။

**ဂရို ဟာလမ် ဘရန့်တ်လန်း**က လေးနှစ်ရှိနေပြီဖြစ်သော နိုင်ငံရေး အသွင်ကူးပြောင်းမှုနှင့် စပ်လျဉ်းပြီး မှတ်ချက်ပြုရာ၌

"မြန်မာနိုင်ငံက အပြောင်းအလဲတွေက ပြောစမှတ်ပြုလောက်ပါတယ်။ တစ်ချိန်တည်းမှာပဲ၊ သာတူညီမျှမှု မရှိခြင်းက တိုးပွားနေတယ်ဆိုတာလည်း ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းအတွင်းက အဆင်းရဲဆုံးသူများ အနေနဲ့ စီးပွားရေး ပွင့်လင်းသာမှုရဲ့ အကျိုးအမြတ်တွေကို ရယူခံစားနိုင်ဖို့ လိုအပ်နေပါသေးတယ်။ လူ့အဖွဲ့အစည်း အတွင်းက လူအားလုံးရဲ့ ကောင်းကျိုးအတွက် ဆက်လက်ဖြစ်ပေါ်နေမယ့် အပြုသဘော ဆောင်တဲ့ နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးမှုတွေကို အားပေးလိုပါတယ်။" ဟု ပြောကြားခဲ့သည်။

**ဟီနာ ဂျီလာနီ** က-

"အဖွဲ့တွေအားလုံးအကြားမှာ ပွင့်လင်းလွတ်လပ်တဲ့ စိတ်သဘောနဲ့ လုပ်ဆောင်တဲ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ တွေရဲ့ အရေးကြီးပုံကို ကျွန်မနိုင်ငံ အတွေ့အကြုံကနေ သိပါတယ်။ မြန်မာနိုင်ငံမှာတော့ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ တပ်မတော်က နှစ်ပေါင်းများစွာ ပါဝင်နေခဲ့ပါတယ်။

ဒါပေမယ့်လည်း ဒီနိုင်ငံကို ပထမ ခရီးစဉ်အတွင်း ကြားသိခဲ့ရသမျှတော့၊ ဗိုလ်ချုပ်ကြီးတွေဟာ အရပ်သား အုပ်ချုပ်မှုအတွက် လမ်းဖွင့်ပေးရမယ် ပြီးတော့ တည်ငြိမ်ပြီး နိုင်ငံသားတွေပါဝင်နိုင်တဲ့ ဒီမိုကရေစီစနစ်ဆီကို အရောက်လှမ်းဖို့ သူတို့ရဲ့ အားထုတ်လုပ်ဆောင်မှုတွေ ဆက်လုပ်ရဦးမယ်ဆိုတာကို သဘောပေါက်နိုင်လောက် အောင် ဉာဏ်အမြော်အမြင်ကြီးကြပါတယ်။" ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။

The Elder အဖွဲ့ဝင် **ဂျင်မီကာတာ** (အမေရိကန် သမ္မတဟောင်း) နှင့် အတူ ၂၀၁၃ စက်တင်ဘာ ပထမ ခရီးစဉ် တွင်လိုက်ပါခဲ့ကြသော မာတီ အာတီဆာရီ နှင့် ဂရို ဟာလမ် ဘရန့်တ်လန်းတို့သည် The Elders အဖွဲ့၏ ၂၀၁၄ မတ်လ ခရီးစဉ် အတွက် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြပါသည်။

---

**သတင်းမီဒီယာများ စုံစမ်းရန်**

ခရီးစဉ် ဓါတ်ပုံများကို Flickr တွင် ရယူနိုင်ပါသည်။ ဓါတ်ပုံ - ကောင်းထက်/ The Elders

The Elders အဖွဲ့အနေဖြင့် နောက်ဆက်တွဲ အင်တာဗျူးမေးမြန်းမှုများ မဖြေဆိုနိုင်ကြောင်း သတိချပ်စေလိုပါသည်။

*ပြည်ပ၌ ဆက်သွယ်ရန်*

Kasita Rochanakorn, ဆက်သွယ်ရေး အရာရှိ၊ The Elders အဖွဲ့

media@theElders.org / +၉၅ (၀) ၉ ၂၅၃၃ ၅၃၂၇၂ (မြန်မာ) / +၄၄ (၀) ၇၈ ၈၇၈၅ ၅၇၂၄ (ယူကေ)

*မြန်မာနိုင်ငံတွင် ဆက်သွယ်ရန်*


မေမွန်သူ၊ Account Manager ၊ Mangosteen PR

mmthu@mangomyanmargroup.com / +၉၅ (၁) ၉ ၄၃၁၅ ၅၁၂၄ (မြန်မာ)


---

**The Elders အဖွဲ့အကြောင်း**

The Elders အဖွဲ့သည် ကမ္ဘာတလွှား ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့အတွက် ၎င်းတို့၏ စုပေါင်း အတွေ့အကြုံနှင့် သြဇာလွှမ်းမိုးမှုကို အသုံးချနေသည့် လွတ်လပ်အမှီခိုကင်းသော ခေါင်းဆောင်များဖြစ်သည်။

The Elders အဖွဲ့ဝင်များမှာ မာတီ အာတီဆာရီ၊ ကိုဖီအာနန် (ဥက္ကဋ္ဌ) အယ်လာ ဘာတ် ၊ လက်ခ်ဒါ ဗရာဟီမီ၊ ဂရိုဟာလမ် ဘရန်နဲ့တ်လန်း (ဒုတိယ ဥက္ကဋ္ဌ)၊ ဖာနန်ဒို အွန်နရီကေး ကာရ်ဒိုစို၊ ဂျင်မီကာတာ၊ ဟီနာ ဂျီလာနီ၊ ဂရာစာ မာချယ်၊ မေရီ ရော်ဘင်ဆန် နှင့် အာနက်စတို ဇေဒီးလို တို့ ဖြစ်ကြပါသည်။

ဒက်စ်မွန် တူးတူး သည် The Elder အဖွဲ့၏ ဂုဏ်ထူးဆောင် အဖွဲ့ဝင် ဖြစ်သည်။

The Elders အဖွဲ့ဝင်များ၏ အတ္ထုပ္ပတ္တိများ၊ ဘလော့ဂ်များ၊ ဓါတ်ပုံများ၊ ဗီဒီယိုများနှင့် ၎င်းတို့၏ အလုပ်များနှင့် ပတ်သက်သည့် အခြား သတင်းအချက်အလက်များအတွက် www.theElders.org တွင် ကျေးဇူးပြု၍ ရှာဖွေပါ။

The Elders အဖွဲ့၏ သတင်းထုတ်ပြန်ချက်များ ရယူရန် စာရင်းပေးသွင်းပါ။

The Elders အဖွဲ့ကို Twitter, Facebook, Flickr and YouTube တို့တွင် လေ့လာနိုင်ပါသည်။